ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀၊ အမှတ် ၁ | ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်

## တာချီလိတ်နယ်စပ်ဒေသတွင် Myanmar Automated Cargo Clearance System MACCS စနစ် စတင်ကျင့်သုံးခြင်း အခမ်းအနားဖွင့်ပွဲ ကျင်းပ



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာချီလိတ် (အခြေချ) စစ်ဗျူဟာမှူး၊ ပြည်နယ်အဆင့်/ ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာချီလိတ်မြို့ရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ၊ တာချီလိတ်အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်၊ မယ်ဆိုင်မြို့ရှိ ကုန်သွယ်မှုဆက်စပ်ဌာနများမှ တာဝန်ရှိသူများ " တာချီလိတ် နယ်စပ်ဒေသ၌ Myanmar Automated Cargo Clearance System – MACCS စတင် အသုံးပြုခြင်း " အခမ်းအနား ဖွင့်လှစ်စဉ်။

**"တာချီလိတ်နယ်စပ်ဒေသ၌ Myanmar Automated Cargo Clearance System (MACCS) စတင် အသုံးပြုခြင်း"** ဖွင့်ပွဲအခမ်းအနားကို ၂၂-၃-၂၀၂၄ ရက်နေ့ (သောကြာနေ့)၊ နံနက် (၈:၃၀)နာရီ အချိန်တွင် တာချီလိတ်မြို့၊ အမှတ်(၂) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား၌ ကျင်းပပြုလုပ်ခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာချီလိတ် (အခြေချ) စစ်ဗျူဟာမှူး၊ ပြည်နယ်အဆင့်/ ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာချီလိတ်မြို့ရှိ ကုန်သည်လုပ်ငန်း ရှင်များနှင့် မြို့မိမြို့ဖများ၊ တာချီလိတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်၊ မယ်ဆိုင်မြို့ရှိ ကုန်သွယ်မှုဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ စုစုပေါင်းအင်အား (၁၅၀)ဦးခန့် တက်ရောက်ခဲ့ ကြသည်။




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာချီလိတ် (အခြေချ) စစ်ဗျူဟာမှူး၊ ပြည်နယ်အဆင့်/ ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာချီလိတ်မြို့ရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ၊ တာချီလိတ် အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်၊ မယ်ဆိုင်မြို့ရှိ ကုန်သွယ်မှုဆက်စပ်ဌာနများမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးစဉ်။

အဆိုပါအခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်တို့မှ အမှာစကားပြောကြားခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်မှ MACCS စနစ် တိုးချဲ့အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အခမ်းအနားကို နံနက် (၁၀:၃၀)နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပြီး တာဝန်ရှိသူများမှ အမှတ် (၂) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားတွင် MACCS စနစ်ဖြင့် အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြား




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ၃၀-၃-၂၀၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အကောက်ခွန်ဆိုင်ရာ ဖွဲ့စည်းပုံနှင့် လက်ရှိအင်အား ဖြန့်ခွဲထားရှိမှုအခြေအနေ၊ လက်ရှိ ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်မှုအခြေအနေ၊ နယ်စပ်မျဉ်းအနီး ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်မှုနှင့် ပတ်သက်၍ ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ သွင်းကုန်တန်ဖိုးစိစစ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အာဆီယံအကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ အခွန်ရငွေနှင့် အခြားရငွေ ကောက်ခံရရှိမှု အခြေအနေ၊ EV ယာဉ် တင်သွင်းမှု၊ Bonded Warehouse ထည့်သွင်းထားရှိမှုနှင့် ဆိပ်ကမ်းနှစ်ခုတွင် ထားရှိနိုင်မှု အခြေအနေ၊ E-Lock နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့အား ရှင်းလင်းတင်ပြခဲ့သည်။




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပို့ကုန် တိုးမြှင့်ရေး ရည်မှန်းချက် ပြည့်မီစေရေးအတွက် အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတော်အတွက် ၂၄ နာရီ ပတ်လုံး ဆောင်ရွက်ပေးသည်ကို သိရှိရပါကြောင်း၊ ယခုလို ဆောင်ရွက်ပေးခြင်းသည် ရလဒ်များ ပိုမို ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်မှုများကိုလည်း မှတ်တမ်းထားရှိရန်၊ ဆောင်ရွက်မှု အခြေအနေအား ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြရန်၊ ဆိပ်ကမ်းများ၊ လုပ်ငန်းများ များပြားလာပြီး လက်ရှိအင်အားနှင့် လုံလောက်မှုမရှိသဖြင့် ၆၀% မကျော်သော ကန့်သတ်အင်အား ခန့်ထားနိုင်ရေး တင်ပြရန်၊ နယ်စပ်မျဉ်းအနီး ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်မှုနှင့် ပတ်သက်၍ ယခုလက်ရှိ အနေအထား အရ ဦးစားပေးနေရာကို ရွေးချယ်နိုင်ရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီသို့ တင်ပြရန်နှင့် ဦးစားပေးနေရာ ရွေးချယ်ရာတွင်လည်း ပထမဦးစားပေး၊ ဒုတိယဦးစားပေး ခွဲခြား၍ နေရာအလိုက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုန်သွယ်မှု အခြေအနေပေးသည့် နေရာများကို ဦးစားပေး ရွေးချယ်တင်ပြရန် လိုအပ်ပါကြောင်း၊ သွင်းကုန်တန်ဖိုးစိစစ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြထားပြီးဖြစ်သဖြင့် Follow-up လိုက်ရန် လိုအပ်ကြောင်း၊



**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများမှ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးတင်ပြနေစဉ်။**

ယခု အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တက်ရောက်မည်ဖြစ်သဖြင့် အာဆီယံအကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များ တင်ပြရန်ရှိပါက ကြိုတင်တင်ပြထားရန် လိုအပ်ပါကြောင်း၊ အခွန်ငွေလျာထားချက် ကောက်ခံရရှိမှုအပိုင်းနှင့် ပတ်သက်၍ လျာထားချက်မပြည့်မီရခြင်းသည် မည်သည့်အတွက်ကြောင့် မပြည့်မီရခြင်းဖြစ်ကြောင်း ရှင်းလင်းချက်နှင့် တင်ပြရန်လိုအပ်ပါကြောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရ မူဆယ်၊ မြဝတီဒေသတို့သည် မူလလျာထားချက်မပြည့်မီသော်လည်း တာချီလိတ်၊ ကျိုင်းတုံဒေသတို့မှ မူလလျာထားချက်ထက် ပြည့်မီကျော်လွန်စွာကောက်ခံရရှိရန် လိုအပ်ပါကြောင်း၊ EV ယာဉ် တင်သွင်းမှုနှင့် ပတ်သက်၍ Bonded Warehouse ထည့်သွင်းခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ E-Lock စနစ်ကိုဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် E-Lock အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီသို့ တင်ပြရန် လိုအပ်ပါကြောင်း လမ်းညွှန် မှာကြားခဲ့ပါသည်။

# (၁/၂၀၂၄) အရာထမ်းအခြေခံသင်တန်းနှင့် အလုပ်သင် ဒု-အကောက်ခွန်မှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ



အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်သည် (၁/၂၀၂၄) အရာထမ်းအခြေခံသင်တန်းနှင့် အလုပ်သင်ဒု-အကောက်ခွန်မှူးသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာနအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ခေါ်ယူခန့်ထားသော အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄)ကို ၁၈-၃-၂၀၂၄ ရက်နေ့မှ ၈-၅-၂၀၂၄ ရက်နေ့အထိ အကောက်ခွန်သင်တန်းကျောင်း၊ ကွန်ပျူတာခန်းမတွင် ဦးစီးအရာရှိ (၁၅)ဦးအား လည်းကောင်း၊ ပြင်ပမှ ခေါ်ယူခန့်ထားခဲ့သော အလုပ်သင်ဒု-အကောက်ခွန်မှူးသင်တန်း အမှတ်စဉ် (၁/၂၀၂၄)ကို ၁၈-၃-၂၀၂၄ ရက်နေ့မှ ၃-၅-၂၀၂၄ ရက်နေ့အထိ အကောက်ခွန်သင်တန်းကျောင်း၊ အပေါ်ထပ်ခန်းမတွင် အလုပ်သင် ဒု-အကောက်ခွန်မှူး (၇၀)ဦးအား လည်းကောင်း သင်တန်းဖွင့်လှစ် သင်ကြား ပို့ချလျက်ရှိသည်။

# အလုပ်သင်ဒု-အကောက်ခွန်မှူး (၆၉)ဦးအား ဒု-အကောက်ခွန်မှူး ရာထူးအပ်နှင်းခြင်း အခမ်းအနားကျင်းပ



အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် ဒု-အကောက်ခွန်မှူးများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ပြင်ပမှ ခေါ်ယူခန့်ထားခဲ့သော အလုပ်သင်ဒု-အကောက်ခွန်မှူးများအား အလုပ်သင်ဒု-အကောက်ခွန်မှူးရာထူးမှ ဒု-အကောက်ခွန်မှူးရာထူးအဆင့် ချီးမြှင့်ခြင်း အခမ်းအနားကို ၂၅-၃-၂၀၂၄ ရက်နေ့၊ နံနက် (၉:၀၀)နာရီ အချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ)မှ ဦးဆောင်၍ ဌာနခွဲညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

# (၁/၂၀၂၄) အကောက်ခွန်ထိန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ





အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်သည် (၁/၂၀၂၄) အကောက်ခွန်ထိန်း သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၏ အကောက်ခွန်ထိန်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄)ကို ၆-၃-၂၀၂၄ ရက်နေ့ မှ ၁၅-၃-၂၀၂၄ ရက်နေ့အထိ အကောက်ခွန်ထိန်း (၃၀)ဦးအား အကောက်ခွန်သင်တန်းကျောင်း၊ ပထမထပ်တွင် သင်တန်းဖွင့်လှစ်သင်ကြားပို့ချခဲ့ရာ အဆိုပါသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်မှ တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

# မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု အစီရင်ခံစာ (မူကြမ်း) အပေါ် အတည်ပြုဆွေးနွေးသည့် အစည်းအဝေးကျင်းပ



**အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်မှ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု အစီရင်ခံစာ (မူကြမ်း) အပေါ် အတည်ပြုဆွေးနွေးသည့် အစည်းအဝေး၌ အဖွင့်အမှာစကား ပြောကြားစဉ်။**

မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု အစီရင်ခံစာ(မူကြမ်း)အပေါ် အတည်ပြုဆွေးနွေးသည့် အစည်းအဝေးအား ၆-၃-၂၀၂၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊နံနက်(၁၀:၀၀)နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဖေယျာသီဟခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ)မှ ဦးဆောင်၍ Video Conference ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ ကုန်သွယ်မှုအသိုက်အဝန်းရှိ ဌာနဆိုင်ရာများ (၁၃)ခုနှင့် ပုဂ္ဂလိကကဏ္ဍ (၈)ခုမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၏ သဘောထား မှတ်ချက်များနဲ့အညီ ပြင်ဆင်/ ဖြည့်စွက်ထားသော စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူခြင်း အစီရင်ခံစာ (မူကြမ်း)ကို အတည်ပြု ညှိနှိုင်းဆွေးနွေးနိုင်ရန် ဖြစ်သည်။



အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် ကြာမြင့်ချိန် လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု အစီရင်ခံစာ (မူကြမ်း)အပေါ် အတည်ပြုဆွေးနွေးသည့် အစည်းအဝေး ကျင်းပနေစဉ်။

အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်မှုနှင့်စီမံရေးရာ) မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးမှ Time Release Study လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်းက ရန်ကုန်လေဆိပ်ကုန်လှောင်ရုံတွင် စစ်တမ်းကောက်ယူမှုရလဒ်များအားလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇူလိုင်မို့မို့အောင်က မြန်မာ့စက်မှုဆိပ်ကမ်းတွင် စစ်တမ်းကောက်ယူမှုရလဒ်များအားလည်းကောင်း ရှင်းလင်းတင်ပြခဲ့မှုအပေါ် တက်ရောက်လာကြသော ကိုယ်စားလှယ်များမှ ပြန်လည်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု အစီရင်ခံစာ (မူကြမ်း)အပေါ် အတည်ပြုခဲ့ကြသည်။

# လုပ်ငန်းခွင်အသုံးချနိုင်ရေး စာတွေ့၊ လက်တွေ့ MACCS စနစ် အသုံးပြုမှု ဆိုင်ရာ သင်တန်း ဖွင့်လှစ်ပို့ချ



လုပ်ငန်းခွင်အသုံးချနိုင်ရေး စာတွေ့၊ လက်တွေ့ MACCS စနစ် အသုံးပြုမှုဆိုင်ရာ သင်တန်းအား ဖွင့်လှစ်သင်ကြား ပို့ချနေစဉ်။

MACCS စနစ်ဖြင့် ကြေညာလွှာများအား Document စစ်ဆေးရာတွင် လည်းကောင်း၊ Physical စစ်ဆေးရာတွင် လည်းကောင်း ပိုမိုထိရောက်မှုရှိစေရေးနှင့် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးအတွက် System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့် နည်းလမ်းများအား သင်တန်းပို့ချခြင်း ကို ၁၁-၃-၂၀၂၄ ရက်နေ့မှ ၁၅-၃-၂၀၂၄ ရက်နေ့အထိ ဌာနခွဲအသီးသီးမှ သင်တန်းသား (၂၀)ဦးဖြင့် MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။

# အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)မှ ဝန်ထမ်းများအား အကောက်ခွန် ဥပဒေ မွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချ



အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)မှ  အကောက်ခွန်ဥပဒေ မွမ်းမံသင်တန်း တက်ရောက်သည့် ဝန်ထမ်းများနှင့် နည်းပြများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ဥပဒေရေးရာဌာနခွဲအနေဖြင့် အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများအား အကောက်ခွန်ဥပဒေများကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး၊ ဝန်ထမ်းများ၏ အရည်အချင်းပိုမိုမြင့်တက်လာစေရေး၊ အမှုတွဲများ ခိုင်မာစွာ တည်ဆောက်၍ သိမ်းဆည်းမိန့်များအား ပြည့်စုံစွာထုတ်ပြန်နိုင်ရေး၊ အခွန်အယူခံခုံအဖွဲ့၌ အကောက်ခွန် အယူခံအမှုများအား ဌာနဆိုင်ရာ ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှုလိုက်ပါဆောင်ရွက်ပြီး အကောက်ခွန်ဦးစီးဌာန၏ ဂုဏ်ကို မြင့်တင်ဆောင်ရွက်နိုင်ရေးတို့အတွက် အကောက်ခွန်ဦးစီးဌာန၊ ရုံးချုပ်၏ ဌာနခွဲ(၁၂)ခုမှ ဝန်ထမ်းများအား ၁၉-၃-၂၀၂၄ ရက်နေ့မှ ၂၂-၃-၂၀၂၄ ရက်နေ့အထိ အကောက်ခွန်သင်တန်းကျောင်း၊ သင်တန်းခန်းမ၌ နံနက် (၈:၀၀)နာရီမှ (၉:၃၀)နာရီအထိ သင်တန်းပို့ချခဲ့ပြီး စုစုပေါင်း သင်တန်းသားဦးရေမှာ (၄၉)ဦး တက်ရောက်ခဲ့သည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၁၁၀.၄၅၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၆၅) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၄၁၁၀.၄၅၂) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု





၁၁-၃-၂၀၂၄ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း(MIP)၌ ID No. 100271511211 (26.1.2024)၊ ကုန်သေတ္တာအမှတ်- MSKU 0897460 (1X40')ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့၏ Suspect အရ အဖွဲ့စုံတို့ဖြင့် ပူးပေါင်းစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် Brand / Walt ကွဲလွဲပါရှိလာသော Solar Flood Light with Panel, (40)W, Brand; JFRESH, (2U-1Set), C/O; China, (1320) Sets အပါအဝင်ပစ္စည်း(၄)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်(၂၀၁,၉၅၀,၀၀၀/-) ခန့် အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၁၁၀.၄၅၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၂၁-၃-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) မှ ID No: 100274820701 (6.3.2024) ၊ ကုန်သေတ္တာအမှတ်- TRHU2697763, SEGU1114460 (2X20’) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့(Suspect)အရ အဖွဲ့စုံတို့ဖြင့် ပူးပေါင်းစစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Ball Bearing, Size; (200) MM Under, Brand ; NHAL, C/O ; China, (240000)U ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၈၀,၀၀၀,၀၀၀/-)ခန့်အား လည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Universal Joint, Model; (တရုတ်စာတမ်းပါ)၊ C/O;China, (3960)U ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၁,၈၈၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၁၁၀.၄၅၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု





၇-၃-၂၀၂၄ ရက်နေ့ (၀၆:၃၀)အချိန်ခန့်တွင် ပို့ကုန်စစ်ဆေးရေးစင်၌ တာဝန်ကျ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်၌ လမ်းခင်းကျောက်ကြီးများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော Benzyl Cyanide ဟု ယူဆရသော အက်ဆစ်အရည် (၃၆၀၀)လီတာ အပါအဝင်ပစ္စည်း(၂)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၈,၅၂၀,၀၀၀/-)ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်-(5R/4074)(DONG FENG DUMP TRUCK), (4x2), Model; 2020, C/O; China, (1) U ၊ ခန့်မှန်းတန်ဖိုးကျပ်(၄၅,၀၀၀,၀၀၀/-)ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်တားဆီးခဲ့ပြီး ဖမ်းဆီးရမိသော အက်ဆစ်ဟု ယူဆရသည့် အရည်များထည့်သွင်းထားသည့် ပေပါများနှင့် သယ်ယူသည့် ယာဉ်တို့အား အမှတ်(၁၇) ၊ မူးယစ်တပ်ဖွဲ့စုသို့ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ Transfer Sheet ဖြင့် ၇-၃-၂၀၂၄ ရက်နေ့တွင် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၄၁၁၀.၄၅၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု





၂၄-၃-၂၀၂၄ ရက်နေ့ (၂၁:၀၀)အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များသည် ရတနာပုံတံတား(မန္တလေး)-မြစ်ငယ် ဖြတ်လမ်းတွင် အခြေပြု စောင့်ဆိုင်းနေစဉ် အမြန်လမ်းမှ ရတနာပုံတံတား (စစ်ကိုင်း)အဆင်းလမ်း၌ ယာဉ်အမှတ်-(6F/6067) (22W) (Bowser)ယာဉ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တင်ဆောင်ထားသည့် စက်သုံးဆီများနှင့်ပတ်သက်၍ ခိုင်မာသော စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရေးအတွက် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်၍ စစ်ဆေးရာ ယာဉ်ပေါ်၌ စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် ဒီဇယ်ဆီဟုယူဆရသော ချက်ဆီ (၇၃၀၀) ဂါလံ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၈၀,၃၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်-(6F/6067), Brand; IVECO 682, TRACTOR HEAD, (22W), (6x4), Model;2013, C/O; China, (1) U နှင့် နောက်တွဲယာဉ်အမှတ်- (1TLR/8395), Brand; LISHEN, (Oil Bowser), C/O; China, (1) U ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၁၂၀,၀၀၀,၀၀၀)ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပြီး စက်သုံးဆီတင် Bowser ယာဉ်နှင့် စက်သုံးဆီများအား ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယစစ်ဆေးရေးအရာရှိချုပ်ရုံး (အထက်မြန်မာပြည်) သို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်သည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၁၁၀.၄၅၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု










၁-၃-၂၀၂၄ ရက်နေ့ (၀၇:၀၀)အချိန်ခန့်တွင် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျဝန်ထမ်းများသည် မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (4M/7287) (KING LONG Bus) (မူဆယ်သူ ခရီးသည်တင်မှန်လုံယာဉ်)အား စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသော ကျောက်လက်ကောက်ကွင်းအကြမ်း ဆိုဒ်စုံ (1x20kgx29Pkg) (1x16kgx21Pkg) (916)Kg အပါအဝင် ပစ္စည်း(၂)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၁,၃၁၂,၀၀၀/-)ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်-(4M/7287), (KING LONG Bus), (4x2), Model; 2012, C/O; China (မူဆယ်သူ ခရီးသည်တင်မှန်လုံယာဉ်) (1) U၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၅,၀၀၀,၀၀၀/-)ခန့်အား လည်းကောင်း၊ Brand; Mond, (Superslims 200 Filter Cigarettes), Flavour; Strawberry, (1x10x50)Ctr, (4)Pkg, C/O; UAE၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃,၂၀၀,၀၀၀/-)ခန့်အား လည်းကောင်း၊ ဆိတ်ဝမ်းတွင်းကလီစာ (1x80kg x 12Pkg), (960) Kg စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄,၃၂၀,၀၀၀/-)ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၁၁၀.၄၅၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု







၇-၃-၂၀၂၄ ရက်နေ့ (၁၄:၀၀)နာရီ အချိန်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် အမှတ်(၂၁၀)၊ ခတ္တာလမ်း၊ ဉာဏရပ်ကွက်ရှိ ရေသန့်စက်ရုံနှင့်တွဲလျက် ဂိုဒေါင်သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပြည်ပနိုင်ငံထုတ် အရက်မျိုးစုံနှင့်စီးကရက်များ တွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မရမ်းကုန်းမြို့နယ်၊ နာဂသိုလှောင်ရုံသို့ ပို့ဆောင်၍ စစ်ဆေးခဲ့ရာ အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော High Commisioner (20)CL,(576) Bottles အပါအဝင် ပစ္စည်း(၁၉) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၃,၈၁၈,၀၀၀/-)ခန့်အားလည်းကောင်း၊ Napoli Cigarette (1x50), (10) Pkgs၊ ခန့်မှန်းတန်ဖိုးကျပ်(၁၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။